# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

## စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၂/ ၂၀၂၆) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၂၃) ရက်

| ၂၃- ၁- ၂၀၂၆ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၄၆၃.၃၀ |
| စင်္ကာပူဒေါ်လာ | ၁,၆၄၁.၄၆ |
| စတာလင်ပေါင် | ၂,၈၃၂.၄၈ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၂၆.၇၂ |
| တရုတ်ယွမ် | ၃၀၁.၅၃ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၉.၂၉ |
| အိန္ဒိယရူပီး | ၂၂.၈၉ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၂.၉၇ |
| မလေးရှားရင်းဂစ် | ၅၂၄.၆၇ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၅၃ |
| ရုရှားရူဘယ် | ၂၇.၆၅ |
| ထိုင်းဘတ် | ၆၇.၃၉ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၀၀ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

  - အင်ဒိုနီးရှားနိုင်ငံက အိန္ဒိယနိုင်ငံမှ တရားမဝင် မြေပဲတင်သွင်းမှုများကို အရေးယူနှိမ်နင်း
  - မီဇိုရမ်ပြည်နယ်အစိုးရသည် တောင်သူများအား ကူညီပံ့ပိုးမှုအစီအစဉ်အရ ဒေသတွင်းထွက်ရှိသော အဓိကသီးနှံလေးမျိုးအား ဖေဖော်ဝါရီလမှ စတင်၍ ဝယ်ယူသွားမည်
  - အိန္ဒိယ ကော်ဖီတင်ပို့မှုပမာဏ လျော့ကျသော်လည်း ပို့ကုန်တန်ဖိုး ၂၂.၅၀ ရာခိုင်နှုန်း မြင့်တက်
  - အိန္ဒိယ၏ သကြားထုတ်လုပ်မှုသည် ဇန်နဝါရီလလယ်အထိ ကာလတွင် ၂၂ ရာခိုင်နှုန်း မြင့်တက်ကာ တန်ချိန် ၁၅.၉ သန်း ရှိလာဟု ISMA ထုတ်ပြန်

- **အထွေထွေသတင်းများ**

  - ရုရှားနှင့် တရုတ်ကုန်သွယ်မှုပမာဏ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၂၈ ဒသမ ၁ ဘီလီယံရှိ
  - ရုရှားရေနံဈေးနှုန်း အမြင့်ဆုံးကန့်သတ်ဈေးကို ဥရောပသမဂ္ဂမှ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၁ သို့ လျှော့ချမည်
  - ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၂၀၂၅ ခုနှစ်၊ ၁၁ လအတွင်း ကန်ဒေါ်လာ ၁၂၄ ဒသမ ၇ ဘီလီယံရှိ

## အင်ဒိုနီးရှားနိုင်ငံက အိန္ဒိယနိုင်ငံမှ တရားမဝင် မြေပဲတင်သွင်းမှုများကို အရေးယူနှိမ်နင်း

အင်ဒိုနီးရှားနိုင်ငံသည် စိုက်ပျိုးရေးထွက်ကုန်များအား တရားမဝင်မှောင်ခိုတင်သွင်းမှုကို အကြီးစားနှိမ်နင်းမှုတစ်ရပ် ပြုလုပ်ခဲ့ပြီး Tanjung Balai Karimun ဆိပ်ကမ်းတွင် အနည်းဆုံး သင်္ဘော ၁၀ စီးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။ အဆိုပါ ဖမ်းဆီးရမိသော ကုန်စည်များတွင် ဆန် တန်ချိန် ၁ ဒသမ ၄၅ သန်း၊ သကြားနှင့် ဟင်းခတ်အမွှေးအကြိုင် အမြောက်အမြားနှင့် မြေပဲတန်ချိန် ၁,၇၀၀ ခန့် ပါဝင်ကြောင်း တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံမှ တင်ပို့သူများသည် ကုန်သွယ်မှုကန့်သတ်ချက်များကို ရှောင်လွှဲလျက်ရှိကြောင်း သတင်းများ ထွက်ပေါ်လာပြီးနောက် ယခုကဲ့သို့ အရေးယူနှိမ်နင်းမှုများ ပေါ်ပေါက်လာခြင်းဖြစ် ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံမှ မြေပဲတင်သွင်းမှုကို မှိုဆိပ် (Aflatoxin) ပါဝင်မှုနှုန်းမြင့်မားခြင်းကြောင့် ယခင်က ဆိုင်းငံ့ထားခဲ့ပြီး နောက်ပိုင်းတွင် တစ်သန်းပုံ ၁၅ ပုံ (15 PPB) ဟူသော တင်းကျပ်သည့် ကန့်သတ်ချက်ဖြင့်သာ ပြန်လည်တင်သွင်းခွင့်ပြုခဲ့ကြောင်းနှင့် အိန္ဒိယတင်ပို့သူများသည် ရာသီမဟုတ်ဘဲ မိုးရွာသွန်းမှုကြောင့် သီးနှံများ ပျက်စီးခဲ့ရသဖြင့် အဆိုပါ စံနှုန်းများကို လိုက်နာရန် ခက်ခဲလာသောကြောင့် တရားမဝင်လမ်းကြောင်းများကို ပြောင်းလဲအသုံး ပြုခဲ့ကြကြောင်း သိရသည်။

မှောင်ခိုတင်သွင်းသူများသည် မလေးရှားနိုင်ငံရှိ ကလန်းဆိပ်ကမ်း (Port Klang) မှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ၏ ဒူမိုင်းဆိပ်ကမ်း (Dumai port) သို့ ကုန်တင်တွဲသင်္ဘော (Barge) များအသုံးပြု၍ ပို့ဆောင်နေကြကြောင်း သိရသည်။ ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များအရ အင်ဒိုနီးရှားနိုင်ငံသို့ မြေပဲတင်ပို့မှု သိသိသာသာကျဆင်းသွားသော်လည်း မလေးရှားနိုင်ငံသို့ တင်ပို့မှုမှာမူ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် တန်ချိန် ၆,၀၀၀ မှ တန်ချိန် ၁၅,၈၀၀ အထိ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရသည်။ နိုဝင်ဘာလ တစ်လတည်းတွင်ပင် တရားဝင်လမ်းကြောင်းမှ ကွန်တိန်နာ ၈၀ သာ ဝင်ရောက်ခဲ့သော် လည်း တရားမဝင်လမ်းကြောင်းမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံအတွင်းသို့ ကွန်တိန်နာ ၈၂၅ လုံး ဝင် ရောက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုကဲ့သို့ တရားမဝင် ကုန်စည်များ အလုံးအရင်းဖြင့် ဝင်ရောက်လာမှုကြောင့် အင်ဒိုနီးရှား နိုင်ငံ၏ ပြည်တွင်းကုန်စည်ဈေးနှုန်းများ ကျဆင်းသွားခဲ့ကြောင်း သိရသည်။ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသည် ၎င်း၏ ပို့ကုန်များကို အားသာချက်ရရှိစေရန်အတွက် အိန္ဒိယနိုင်ငံ၏ ထွက်ကုန်များအပေါ်

အရည်အသွေးဆိုင်ရာ စံနှုန်းများကို တင်းကျပ်ရန် အာဆီယံနိုင်ငံများအား ဖိအားပေးနေသည်ဟု သတင်းများ ထွက်ပေါ်နေသဖြင့် အခြေအနေမှာ ပိုမိုရှုပ်ထွေးလာကြောင်းနှင့် အဆိုပါ အကြောင်း အရင်းကြောင့် ထိုင်းနိုင်ငံသည်လည်း အိန္ဒိယမြေပဲ တင်သွင်းမှုကို ဆိုင်းငံ့ထားခဲ့ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပုံမှန်အားဖြင့် အိန္ဒိယနိုင်ငံ၏ မြေပဲတင်ပို့မှု စုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းကျော် ရှိသော ဈေးကွက်တစ်ခုဖြစ်သဖြင့် ယခု အခြေအနေသည် စီးပွားရေးအရ ကြီးမားသော ထိုးနှက်ချက် တစ်ခု ဖြစ်လာနိုင်ကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Indonesia cracks down on illegal Indian groundnut imports, January 20, 2026.

---

## မီဇိုရမ်ပြည်နယ်အစိုးရသည် တောင်သူများအား ကူညီပံ့ပိုးမှုအစီအစဉ်အရ ဒေသတွင်းထွက်ရှိသော အဓိကသီးနှံလေးမျိုးအား ဖေဖော်ဝါရီလမှ စတင်၍ ဝယ်ယူသွားမည်

မီဇိုရမ်ပြည်နယ်အစိုးရသည် တောင်သူများအား ကူညီပံ့ပိုးရန်အတွက် ဒေသတွင်းထွက်ရှိသော အဓိကသီးနှံလေးမျိုးဖြစ်သည့် ချင်း (ဂျင်း)၊ နနွင်း၊ တံမြက်စည်းကျော (Broomstick)နှင့် ငရုတ်သီးတို့ကို ဖေဖော်ဝါရီလမှ စတင်၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မီဇိုရမ်စိုက်ပျိုးရေးဈေးကွက်ရှာဖွေရေးဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ K C Lalmalsawmzauva က တောင်သူများထံမှ ချင်း (ဂျင်း) ကို ဖေဖော်ဝါရီလမှ မေလအထိလည်းကောင်း၊ တံမြက်စည်းကျောကို ဖေဖော်ဝါရီလမှ မတ်လအထိလည်းကောင်း၊ နနွင်းနှင့် ငရုတ်သီးတို့ကို ဖေဖော်ဝါရီလမှ ဧပြီလအထိ လည်းကောင်း ဝယ်ယူသွားမည်ဖြစ်ကြောင်း ယခုလ ၂၂ ရက်နေ့တွင် ပြောကြားခဲ့သည်။

အစိုးရသည် စပါးဝယ်ယူမှုကို နိုဝင်ဘာလကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး လာမည့် မတ်လအထိ ဆက်လက်ဝယ်ယူသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်၏ 'Bana Kaih' (ခေါ်) လက်တွဲကူညီမှုအစီအစဉ် (Handholding scheme) ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်လည်းဖြစ်သူ K C Lalmalsawmzauva က ပြည်နယ်၏ အဓိကစီမံကိန်း

Agribusiness Trade

အောက်တွင် ဝယ်ယူမည့် သီးနှံတစ်ခုချင်းစီအတွက် အမြင့်ဆုံးအထောက်အပံ့ပေးမည့် ဈေးနှုန်းများ (Maximum support price)ကို ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ချင်း (ဂျင်း) အတွက် အမြင့်ဆုံးအထောက်အပံ့ပေးမည့် ဈေးနှုန်းကို ၁ ကီလိုဂရမ်လျှင် ရူပီး ၅၀၊ တံမြက်စည်းကျော အတွက် ရူပီး ၈၀၊ ငရုတ်သီးအတွက် ရူပီး ၃၅၀ အဖြစ် သတ်မှတ်ထားပြီး နနွင်းနှင့် စပါးအတွက် အထောက်အပံ့ပေးမည့် ဈေးနှုန်းများကို ၁ ကီလိုဂရမ်လျှင် ရူပီး ၂၀ နှင့် ရူပီး ၃၀ အသီးသီး သတ်မှတ်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါ ဝယ်ယူမှုများကို ပြည်နယ်တစ်ဝန်းရှိ ဒုတိယအဆင့် စုဆောင်းရေးစင်တာအားလုံး တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အဓိကသီးနှံ ၅ မျိုးကို ဝယ်ယူခြင်းသည် ဝန်ကြီးချုပ် Lalduhoma ဦးဆောင်သော Zoram People's Movement အစိုးရ၏ ရွေးကောက်ပွဲ ကတိကဝတ်များထဲမှ တစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။

အစိုးရသည် လွန်ခဲ့သည့်နှစ်အတွင်းက ချင်း (ဂျင်း) ဝယ်ယူမှုအတွက် အထောက်အပံ့ပေး သည့် ဈေးနှုန်းအဖြစ် ရူပီး ၁၃၇ ဒသမ ၇၂ ကုဋေခန့် သုံးစွဲခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့ သည်။ ထို့အပြင် အဆိုပါနှစ်အတွင်းမှာပင် တောင်သူများထံမှ ရူပီး ၂ ကုဋေနီးပါးတန်ဖိုးရှိသော တံမြက်စည်းကျော ၄၈,၆၀၂ ဒသမ ၂၉ ကွင်တယ် (၁ ကွင်တယ်လျှင် ၁၀၀ ကီလိုဂရမ်) နှင့် ရူပီး သိန်း ၅၀ ခန့်တန်ဖိုးရှိသော စပါး ၁,၄၀၀ ကွင်တယ် (၁ ကွင်တယ်လျှင် ၁၀၀ ကီလိုဂရမ်) ကျော်ကို လည်း ဝယ်ယူခဲ့ကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: The Hindustan Times, Mizoram govt to begin procurement of four key crops from February under flagship programme| India News, January 23, 2026.

## အိန္ဒိယကော်ဖီ တင်ပို့မှုပမာဏ လျော့ကျသော်လည်း ပို့ကုန်တန်ဖိုး ၂၂.၅၀ ရာခိုင်နှုန်း မြင့်တက်

၂၀၂၅ ခုနှစ် အတွင်း အိန္ဒိယနိုင်ငံ၏ ကော်ဖီတင်ပို့မှုသည် ပမာဏအားဖြင့် ၄.၄၇ ရာခိုင်နှုန်း လျော့ကျကာ တန်ချိန် ၃.၈၄ သိန်းသာ ရှိခဲ့သော်လည်း ပို့ကုန်တန်ဖိုးမှာမူ ၂၂.၅၀ ရာခိုင်နှုန်း မြင့်

Agribusiness & Trade

တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂,၀၅၈.၀၆ သန်းအထိ ရရှိခဲ့ကြောင်း ကော်ဖီဘုတ်အဖွဲ့ (Coffee Board) ၏ အချက်အလက်များအရ သိရှိရသည်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်တွင် ကော်ဖီတင်ပို့မှု ပမာဏမှာ တန်ချိန် ၄.၀၂ သိန်း ရှိခဲ့ရာမှ ယခုနှစ်တွင် လျော့ကျသွားခြင်း ဖြစ်သော်လည်း တစ်တန်ချင်းစီ၏ ပျမ်းမျှရရှိသည့် တန်ဖိုး (Unit value realisation) မှာ ၂၀၂၄ ခုနှစ်က တစ်တန်လျှင် ရူပီး ၃.၄၈ သိန်းသာ ရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ရူပီး ၄.၆၅ သိန်းအထိ ပိုမိုမြင့်မားလာခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ကော်ဖီထုတ်လုပ်မှုတွင် အဆင့် (၇) ရှိပြီး တင်ပို့မှုတွင် အဆင့် (၅) နေရာတွင် ရပ်တည်နေသည့် နိုင်ငံဖြစ်ပါသည်။

အိန္ဒိယ၊ ကော်ဖီဘုတ်အဖွဲ့၏ အချက်အလက်များအရ အာရေးဘီးကား (Arabica) ကော်ဖီ အမျိုးအစားတင်ပို့မှုမှာ သိသိသာသာလျော့ကျခဲ့ကြောင်းသိရသည်။ ပြီးခဲ့သည့်နှစ်က အာရေးဘီးကား တန်ချိန် ၄၄,၃၁၅ တင်ပို့ခဲ့သော်လည်း ၂၀၂၅ ခုနှစ်အတွင်း တန်ချိန် ၁၅,၆၀၇ သာ တင်ပို့နိုင်ခဲ့သဖြင့် ၆၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။

အိန္ဒိယကော်ဖီကို အဓိကတင်ပို့သည့် ထိပ်တန်းနိုင်ငံ သုံးနိုင်ငံမှာ အီတလီ၊ ရုရှားနှင့် ဂျာမနီ တို့ ဖြစ်ကြသည်။ ၂၀၂၅ ခုနှစ်အတွင်း အီတလီနိုင်ငံသို့ တန်ချိန် ၆၀,၆၈၈၊ ရုရှားနိုင်ငံသို့ တန်ချိန် ၃၁,၅၀၅ နှင့် ဂျာမနီနိုင်ငံသို့ တန်ချိန် ၂၈,၈၄၀ အသီးသီး တင်ပို့ခဲ့ကြောင်း သိရသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှုး

နယူးဒေလီမြို့

Source: India's 2025 coffee exports rise 22.50% in value terms: volumes fall 4.47% , The Economic Times, Jan 22, 2026.

## အိန္ဒိယ၏ သကြားထုတ်လုပ်မှုသည် ဇန်နဝါရီလလယ်အထိ ကာလတွင် ၂၂ ရာခိုင်နှုန်း မြင့်တက်ကာ တန်ချိန် ၁၅.၉ သန်း ရှိလာဟု ISMA ထုတ်ပြန်

အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှုသည် ၂၀၂၅-၂၆ ရာသီ၊ ဇန်နဝါရီလ ၁၅ ရက်နေ့အထိ ကာလတွင် ယခင်နှစ်ကာလတူထက် ၂၂ ရာခိုင်နှုန်း မြင့်တက်လာပြီး တန်ချိန် ၁၅.၉ သန်း ရှိလာကြောင်း အိန္ဒိယသကြားနှင့် ဇီဝစွမ်းအင်ထုတ်လုပ်သူများအသင်းဖြစ်သည့် ISMA က အင်္ဂါနေ့တွင်

ပြောကြားခဲ့သည်။ ကြံကုန်ကြမ်းရရှိမှု ပိုမိုများပြားလာခြင်းနှင့် အထွက်နှုန်းပိုမိုကောင်းမွန်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ထုတ်လုပ်မှုမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ် ကာလတူတွင် သကြားထုတ်လုပ်မှုမှာ တန်ချိန် ၁၃ သန်းသာရှိခဲ့ကြောင်း Indian Sugar & Bio-Energy Manufacturers Association (ISMA) ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သကြားထုတ်လုပ်မှုရာသီမှာ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလက သကြားစက်ရုံ ၅၀၀ လည်ပတ်ခဲ့ရာမှ ယခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့အထိတွင် လည်ပတ်နေသည့်သကြားစက်ရုံအရေအတွက်မှာ ၅၁၈ ရုံအထိ ရှိလာခဲ့ကြောင်းသိရှိရသည်။

သကြားအများဆုံး ထုတ်လုပ်သည့် မဟာရဂ္ဂျထရာပြည်နယ် (Maharashtra) တွင် ထုတ်လုပ်မှုမှာ ၅၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ယခင်နှစ်က ၄.၂၇ သန်းတန် ရှိခဲ့ရာမှ ယခုအခါ ၆.၄၅ သန်းတန်အထိ ရှိလာခဲ့ကြောင်း၊ အလားတူ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် (Uttar Pradesh) တွင်လည်း တန်ချိန် ၄.၂၈ သန်း မှ ၄.၆ သန်းထိ တိုးတက်လာခဲ့ကြောင်းနှင့် ကာနာတာကာ ပြည်နယ် (Karnataka) ၏ ထုတ်လုပ်မှုမှာမူ ယခင်နှစ် ကာလတူက ၂.၇၅ သန်းတန် ရှိခဲ့ရာမှ ယခုနှစ်တွင် ၃.၁ သန်းသို့ မြင့်တက်လာခဲ့ကြောင်း သိရသည်။

၂၀၂၅-၂၆ ရာသီအတွင်း အိန္ဒိယနိုင်ငံ၏ သကြားကဏ္ဍသည် ကြံကုန်ကြမ်း လုံလောက်စွာ ရရှိခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား ပိုမိုကောင်းမွန်လာခြင်းနှင့် အဓိကထုတ်လုပ်သည့်ဒေသများတွင် လုပ်ငန်းလည်ပတ်မှုများပိုမိုချောမွေ့လာခြင်းတို့ကြောင့် ယခုအချိန်အထိ တည်ငြိမ်သော တိုးတက်မှုများ ရှိနေပါကြောင်း၊ သို့သော်လည်း ကြံဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် သကြားရောင်းချမှုမှ ပြန်လည်ရရှိသည့်အကျိုးအမြတ်များ လျော့နည်းလာခြင်းတို့ကြောင့် သကြားစက်ရုံများ၏ ဘဏ္ဍာရေးအခြေအနေကို ကျပ်တည်းစေပြီး တောင်သူများအား ကြံဖိုးငွေပေးချေမှုများကို ကြန့်ကြာစေနိုင်ကြောင်း ISMA က သတိပေးပြော ကြားထားသည်။

မဟာရဂ္ဂျထရာပြည်နယ်နှင့် ကာနာတာကာ ပြည်နယ်များရှိ သကြားစက်ရုံထွက်ဈေး (Ex-mill prices) များသည် တစ်ကွမ်တယ်(၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၃,၅၅၀ ဝန်းကျင်အထိ ကျဆင်းသွားခဲ့ပြီး၊ ယင်းဈေးနှုန်းသည် ထုတ်လုပ်မှုကုန်ကျစရိတ်ထက် သိသိသာသာလျော့နည်းနေကြောင်း ISMA က ပြောကြားထားသည်။

သကြားထုတ်လုပ်မှုတိုးတက်လာပြီး ဈေးကွက်အတွင်း သကြားလက်ကျန်စာရင်းမြင့်တက်နေမှုများ ဆက်လက်ဖြစ်ပေါ်နေသောကြောင့် တောင်သူများအား ပေးချေရန်ကျန်ရှိသည့် ကြံဖိုး

ကြွေးကျန်များ စတင်များပြားလာနေပါကြောင်းနှင့် ရှေ့တွင်လည်း ပိုမိုတိုးလာနိုင်သည့် အရိပ်အယောင်များ ရှိနေကြောင်း ISMA က ပြောကြားထားသည်။

ထို့ကြောင့် သကြားလုပ်ငန်းရှင်များအား ဘဏ္ဍာရေးအရ ပြန်လည်ရပ်တည်နိုင်စေရန်နှင့် တောင်သူများအား ငွေပေးချေမှုများ အချိန်မီဆောင်ရွက်နိုင်ရန်အတွက် သကြား၏ အနိမ့်ဆုံး ရည်ညွှန်းသတ်မှတ်ဈေးနှုန်း (MSP) ကို အမြန်ဆုံး ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန် ISMA က တောင်းဆိုထားကြောင်း သိရသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India's sugar output jumps 22% to 15.9 million tonnes by mid January, ISMA, The Economic Times, January 20, 2026.

.......................................................................................................................................

## ရုရှားနှင့် တရုတ်ကုန်သွယ်မှုပမာဏ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၂၈ ဒသမ ၁ ဘီလီယံရှိ

၂၀၂၅ ခုနှစ်တွင် ရုရှားနှင့်တရုတ်ကြား အပြန်အလှန်ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၂၈ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး ၂၀၂၄ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၆ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း တရုတ်အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင် အဖွဲ့(GACC)က သတင်းထုတ်ပြန်ခဲ့သည်။

အစီရင်ခံကာလအတွင်း တရုတ်သို့ ရုရှားကုန်ပစ္စည်း တင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၇၉ ဘီလီယံရှိပြီး ၃ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ရုရှားနိုင်ငံသို့ တရုတ်ထုတ်ကုန်များ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၃ ဘီလီယံရှိပြီး ၁၀ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်၊ ရုရှားနှင့်တရုတ် ကုန်သွယ်မှုပမာဏတွင် ရုရှားနိုင်ငံဘက်က ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၂၁ ဒသမ ၄၉ ဘီလီယံရှိခဲ့ပြီး ယင်းသည် ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၅၅ ဒသမ ၄ ရာခိုင်နှုန်း ပိုများခဲ့သည်။

Agribusiness, Trade

တရုတ်နိုင်ငံသို့ တင်သွင်းသည့် ရုရှားကုန်ပစ္စည်းအများစုမှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ လောင်စာဆီ၊ ကြေးနီနှင့် ကြေးနီသတ္တုရိုင်း၊ သစ်ထုတ်ကုန်နှင့် ရေထွက်ကုန်များ ပါဝင်သည်။

ရုရှားနိုင်ငံသို့ တင်ပို့သည့် တရုတ်ကုန်ပစ္စည်းများမှာ မော်တော်ယာဉ်၊ လယ်ထွန်စက်၊ ကွန်ပျူတာနှင့် စမတ်ဖုန်းများအပြင် စက်မှုနှင့်အထူးပစ္စည်းကိရိယာများ၊ ကလေးကစားစရာများ၊ အဝတ်အထည်များနှင့် ဖိနပ်များ ပါဝင်သည်။

ရုရှား-တရုတ် ကုန်သွယ်မှုလုပ်ငန်း အားလုံးနီးပါးကို နိုင်ငံတော်သုံးငွေကြေး ရူဘယ်နှင့် ယွမ် ငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ရုရှား-တရုတ် ကုန်သွယ်မှုပမာဏသည် ၂၆ ဒသမ ၃ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၄၀ ဘီလီယံ ရှိခဲ့ကာ ၂၀၂၄ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၂၄၅ ဘီလီယံခန့်ထိ စံချိန်တင်အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://tass.ru/ekonomika/26141131

## ရုရှားရေနံဈေးနှုန်း အမြင့်ဆုံးကန့်သတ်ဈေးကို ဥရောပသမဂ္ဂမှ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၁ သို့ လျှော့ချမည်

ဥရောပသမဂ္ဂ (EU) သည် ရုရှားရေနံအပေါ် သတ်မှတ်ထားသော ဈေးနှုန်းအမြင့်ဆုံး ကန့်သတ်ဈေး (Price Cap) ကို လက်ရှိ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆ မှ ၄၄ ဒသမ ၁ သို့ ထပ်မံလျှော့ချမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ဥရောပကော်မရှင်က ထုတ်ပြန်သောစာရွက်စာတမ်းများအရ သိရသည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့တွင် ဥရောပသမဂ္ဂသည် ရုရှားရေနံကို ပင်လယ်ရေကြောင်းဖြင့် တင်ပို့ခြင်းအပေါ် ပိတ်ပင်သော အရေးယူပိတ်ဆို့မှုကို ချမှတ်ခဲ့သည်။ G7 နိုင်ငံများ၊ ဥရောပသမဂ္ဂနှင့် ဩစတြေးလျတို့သည် ပင်လယ်ရေကြောင်းမှ တင်ပို့သော ရုရှားရေနံအတွက် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ ဈေးနှုန်းကန့်သတ်ချက်ကို တစ်ပြိုင်နက်တည်း စတင်ခဲ့ပြီး

ယင်းဈေးနှုန်းထက် မြင့်မားသော ရေနံအတွက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို တားမြစ်ခဲ့သည်။

ထို့အပြင် ရုရှားရေနံထုတ်ကုန်များအပေါ် အလားတူ ကန့်သတ်ချက်များကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၃ ရက်နေ့တွင် ရေနံဈေးနှုန်းကန့်သတ်ချက်ကို တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၄၇ ဒသမ ၆ အထိ ထပ်မံလျှော့ချခဲ့ပြီး ဇန်နဝါရီလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ရုရှားနိုင်ငံတွင် ရေနံဈေးနှုန်းအမြင့်ဆုံးကန့်သတ်ဈေးများ၏ အစီအမံအောက်တွင် ရေနံရောင်းချခြင်းကို တားမြစ်ထားသည်။ ရုရှားသည် ဥရောပသမဂ္ဂမှ ချမှတ်ထားသည့် ဈေးနှုန်းအမြင့်ဆုံးသတ်မှတ်ချက်ကို ဈေးကွက်မဟုတ်သော တူရိယာတစ်ခုအဖြစ် သတ်မှတ်ထားပြီး ယင်းကို "ရုရှားရေနံနှင့် ရေနံထွက်ကုန်များအပေါ် ဈေးနှုန်းကန့်သတ်ချက်များ ချမှတ်ခြင်းနှင့် ဆက်စပ်၍ လောင်စာနှင့် စွမ်းအင်ကဏ္ဍတွင် အထူးစီးပွားရေးအစီအမံများ ကျင့်သုံးခြင်းဆိုင်ရာ" အမိန့်ဖြင့် ထုတ်ပြန်ထားသည်။

ယင်းအမိန့်သည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ပြီး အကြိမ်ပေါင်းများစွာ သက်တမ်းတိုးခဲ့ကာ မကြာသေးမီက ၂၀၂၅ ခုနှစ်ကုန်အထိ သက်တမ်းရှိခဲ့သည်။ လက်ရှိတွင် အဆိုပါအမိန့်ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်အထိ ထပ်မံသက်တမ်းတိုးမြှင့်ခဲ့သည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://www.interfax.ru/business/1067709

……………………………………………………………………………………………

## ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၂၀၂၅ ခုနှစ်၊ ၁၁ လအတွင်း ကန်ဒေါ်လာ ၁၂၄ ဒသမ ၇ ဘီလီယံရှိ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ရုရှား၏ နိုင်ငံခြားကုန်သွယ်မှု ပိုငွေသည် အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၇ ဘီလီယံ ရရှိခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၀ ဒသမ ၄၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ရုရှားဖက်ဒရယ်အကောက်ခွန် ဝန်ဆောင်မှုဌာန (Federal Customs Service - FCS) ၏ အချက်အလက်များအရ သိရသည်။

အစီရင်ခံကာလအတွင်း ပို့ကုန်ပမာဏသည် တန်ဖိုးအမေရိကန်ဒေါ်လာ ၃၇၃ ဒသမ ၇ ဘီလီယံ ရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဒေါ်လာ ၂၀ ဒသမ ၈ ဘီလီယံသို့ ကျဆင်းခဲ့သည်။ သွင်းကုန်ပမာဏသည် တန်ဖိုးဒေါ်လာ ၂၄၉ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဒေါ်လာ ၆

ဒသမ ၂ ဘီလီယံ ကျဆင်းခဲ့သည်။ ယင်းကြောင့် ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ပမာဏသည် ဒေါ်လာ ၆၂၂ ဒသမ ၇ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၁၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ရုရှားမှ ဥရောပနိုင်ငံများသို့ တင်ပို့မှုသည် တန်ဖိုးဒေါ်လာ ၅၂ ဒသမ ၂ ဘီလီယံရှိကာ ၁၆ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဥရောပနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၆၄ ဒသမ ၅ ဘီလီယံ ရှိကာ ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

အာရှနိုင်ငံများသို့ တင်ပို့မှုသည် ဒေါ်လာ ၂၉၀ ဒသမ ၈ ဘီလီယံရှိကာ ၂ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး တင်သွင်းမှုသည် ဒေါ်လာ ၁၆၅ ဒသမ ၈ ဘီလီယံရှိကာ ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

တစ်ချိန်တည်းတွင် ရုရှား၏ အာဖရိကနိုင်ငံများသို့ တင်ပို့မှုမှာ ဒေါ်လာ ၁၉ ဒသမ ၆ ဘီလီယံ ရှိကာ ၁၃ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး ယင်းနိုင်ငံများမှ တင်သွင်းမှုမှာ ဒေါ်လာ ၄ ဘီလီယံ ရှိကာ ၂၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

မြောက်နှင့် တောင်အမေရိကနိုင်ငံများသို့ ရုရှားတင်ပို့မှုသည် ဒေါ်လာ ၁၀ ဒသမ ၉ ဘီလီယံ ရှိကာ ၁.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယင်းနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံ ရှိကာ ၈ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ရုရှား၏ အဓိကပို့ကုန်မှာ တွင်းထွက်ပစ္စည်း၊ သတ္တုနှင့် သတ္တုထုတ်ကုန်၊ စိုက်ပျိုးရေးထုတ်ကုန်များဖြစ်ပြီး အဓိကသွင်းကုန်မှာ စက်ယန္တရား၊ စက်ကိရိယာ၊ မော်တော်ယာဉ်များ၊ ဓာတုဗေဒစက်မှုလုပ်ငန်းသုံးထုတ်ကုန်များ၊ စိုက်ပျိုးရေးထုတ်ကုန်များ ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတွင် ပို့ကုန်ပမာဏသည် တန်ဖိုး အမေရိကန် ဒေါ်လာ ၄၃၃ ဒသမ ၉ ဘီလီယံ ရှိခဲ့ပြီး သွင်းကုန်သည် ဒေါ်လာ ၂၈၃ ဘီလီယံ ရှိခဲ့သဖြင့် ကုန်သွယ်မှုပိုငွေသည် ၁၅၀ ဒသမ ၉ ဘီလီယံအထိ ရရှိခဲ့ကြောင်း သိရသည်။

FCS ၏ အချက်အလက်များအရ ရုရှားနိုင်ငံ၏ ဥရောပနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် သိသာစွာ ကျဆင်းလျက်ရှိပြီး အာရှနိုင်ငံများနှင့် ကုန်သွယ်မှုသည် တိုးတက်လျက်ရှိကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://www.interfax.ru/business/1067747

………………………………………………………………………………………………

Agribusiness & Trade